# NEWSLETTER

12th



## HIGHTLIGHTS

- 5th Annual General Meeting and Gala Dinner ကျင်းပခြင်း
- Proven Distribution Co., Ltd. ၏ ရန်ကုန်ရုံးချုပ်နှင့် Showroom အသစ် ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း
- Proven Distribution Co., Ltd. ၏ ရွှေပြည်သာ Showroom ဖွင့်လှစ်ခြင်း
- Proven Distribution Co., Ltd. ၏ မြစ်ကြီးနားရုံးခွဲ ဖွင့်လှစ်ခြင်း၊
- ပြည်ရုံးခွဲ အဆောက်အဦတည်ဆောက်ရန် ပန္နက်ရိုက်မင်္ဂလာပြုလုပ်ခြင်း၊
- Proven Group of Companies Ltd. ၏ ၃/၂၀၂၆ ဒါရိုက်တာအဖွဲ့အစည်းအဝေးကျင်းပခြင်း
- MADP နှင့် PD တို့အကြား Maintainence Free Battery Contract ချုပ်ဆိုခြင်း၊
- Product Knowledge Training အတွက် Factory Visit သွားရောက်လေ့လာခြင်း၊
- 2026 Advanced Service Training ပြုလုပ်ခြင်း၊
- နည်းပညာတက္ကသိုလ် (မော်ဘီ)မှ ကျောင်းသား/ကျောင်းသူများ PTIC သို့ လုပ်ငန်းခွင်လေ့လာရေးခရီးစဉ် လာရောက်ခြင်း၊
- Management Level ဝန်ထမ်းများအား Code of Conduct Awareness Training ပြုလုပ်ခြင်း
- Yangon Metal Industry Co., Ltd. မှ ဝန်ထမ်းများအား Sales & Marketing Training ပြုလုပ်ခြင်း၊
- SSB Awareness Training ပြုလုပ်ခြင်း၊
- အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) ဆိုင်ရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေးခြင်း၊
- YRYEA Career Opportunity Fair 2026 တွင်
- Proven Group နှင့် ညီနောင်ကုမ္ပဏီများ ပါဝင်ခဲ့ခြင်း
- ဝန်ထမ်းထု အစည်းအဝေးကျင်းပခြင်း၊
- ဝါဆိုသင်္ကန်းကပ်လှူပူဇော်ခြင်း၊
- Road Safety Campaign 2026
- လေးမျက်နှာမြို့ရှိ ရေဘေးသင့်ပြည်သူများသို့ လှူဒါန်းခြင်း၊
- Defensive Driving Training ပြုလုပ်ခြင်း၊
- လူမှုအကျိုးပြုအသင်းများအား Battery နှင့် Engine Oil များလှူဒါန်းခြင်း၊
- အခြေခံပညာအထက်တန်းကျောင်း (မြောင်းတကာ) သို့ ကျောင်းမုန့်စျေးတန်းအဆောက်အဦ လှူဒါန်းခြင်း၊
- မြောင်းတကာစက်မှုဇုန် မီးသတ်စခန်းသို့ ကာကွယ်ထောက်ပံ့ရေးသုံးပစ္စည်းများ လှူဒါန်းခြင်း










# 5TH ANNUAL GENERAL MEETING AND GALA DINNER OF PROVEN GROUP OF COMPANIES LTD. (FY 2025–2026)










Proven Group of Companies Ltd. ၏ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေး နှစ် (၅) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး (5th Annual General Meeting) နှင့် နှစ်ပတ်လည်အစည်းအဝေး အထိမ်း အမှတ် ညစာစားပွဲ (Gala Dinner) ကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက် (စနေနေ့) တွင် ရန်ကုန်မြို့ရှိ Sedona Hotel Yangon ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

(၅) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို Mindon Room, Level 2 တွင် ကျင်းပခဲ့ပြီး အထိမ်းအမှတ် ညစာစားပွဲကို Executive Lounge, Level 25 တွင် ဆက်လက်ကျင်းပခဲ့ပါသည်။

အဆိုပါ နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ Proven Group of Companies Ltd. ၏ အစုရှယ်ယာရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အကြံပေးပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပြီး ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့် သက်ဆိုင်ရာ အစီရင်ခံစာများကို တင်ပြဆွေးနွေးခဲ့ကြပါသည်။

ညနေပိုင်းတွင် ကျင်းပပြုလုပ်သည့် Gala Dinner သို့ Proven Group မိသားစုဝင်များ၊ ညီနောင်ကုမ္ပဏီများမှ Board of Directors များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး နွေးထွေးပျော်ရွှင်စွာ တွေ့ဆုံခဲ့ကြကာ အမှတ်တရမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြပါသည်။

အဆိုပါအခမ်းအနားသည် Proven Group ၏ နှစ်စဉ်လုပ်ငန်းဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ခြင်းနှင့်အတူ အစုရှယ်ယာရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အကြံပေးပုဂ္ဂိုလ်များနှင့် Proven Group မိသားစုဝင်များအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်ဆံရေးကို ပိုမိုခိုင်မာစေသည့် အမှတ်တရအခမ်းအနားတစ်ရပ်လည်း ဖြစ်ခဲ့ပါသည်။













# GRAND OPENING CEREMONY

## PROVEN DISTRIBUTION CO., LTD. ၏ ရန်ကုန်ရုံးချုပ်နှင့် SHOWROOM အသစ် ဖွင့်ပွဲအခမ်းအနား ကျင်းပခြင်း







Proven Group of Companies Ltd. ၏ ညီနောင်ကုမ္ပဏီတစ်ခုဖြစ်သည့် Proven Distribution Co., Ltd. ၏ ရန်ကုန်ရုံးချုပ်နှင့် Showroom အသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၁၈) ရက်၊ စနေနေ့ နံနက် (၁၀:၀၀) နာရီတွင် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

ရန်ကုန်ရုံးချုပ်နှင့် Showroom အသစ်သည် အမှတ် (၈)၊ ဘုရင့်နောင်လမ်းနှင့် ဆေးဝါးစက်ရုံလမ်းကြား၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ Block B (B-31 နှင့် B-32)၊ FCC (Fortune Commercial City) တွင် တည်ရှိပါသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးခဲ့ကြသော ဒါရိုက်တာအဖွဲ့ဝင်များ၊ ဘုရင့်နောင်ကုန်စည်ဒိုင်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်အပိုပစ္စည်းလုပ်ငန်းရှင်များအသင်း (Yangon Region Automotive Components, Spare Parts & Accessories Association) မှ ဥက္ကဌနှင့် အလုပ်အမှုဆောင်များ၊ TOYO & Lion Battery ၏ Customers ကြီးများ၊ FCC မှတာဝန်ရှိသူများ ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ အားလုံးကို Proven မိသားစုက အထူးပင် ကျေးဇူးတင်ရှိပါသည်။











# PROVEN DISTRIBUTION CO., LTD. ၏ ရွှေပြည်သာ SHOWROOM ဖွင့်လှစ်ခြင်း







Proven Distribution Co., Ltd. သည် TOYO သုံးစွဲသူ Customer များနှင့် လျှပ်စစ်စွမ်းအင်ဆိုင်ရာ ထုတ်ကုန်များ အသုံးပြုလိုသူများအနေဖြင့် ဘက်ထရီနှင့် ဆိုလာစွမ်းအင်ဆိုင်ရာ ထုတ်ကုန်များကို တစ်နေရာတည်းတွင် လွယ်ကူအဆင်ပြေစွာ လာရောက်ကြည့်ရှု၍ ရွေးချယ်ဝယ်ယူနိုင်စေရန် ရည်ရွယ်၍ ရွှေပြည်သာ Showroom ကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့ တွင် အမှတ် (၃၅၄)၊ အမှတ် (၄) လမ်းမကြီး၊ Aeon Orange ဘေး၊ (၂၄) ရပ်ကွက်၊ ပန်းခြံစု၊ ရွှေပြည်သာမြို့နယ် တွင် ဖွင့်လှစ်ခဲ့ပါသည်။
အဆိုပါ Showroom တွင် TOYO အမှတ်တံဆိပ် အိုးစိုဘက်ထရီ၊ အိုးခြောက်ဘက်ထရီနှင့် ဆိုင်ကယ်ဘက်ထရီများ အပါအဝင် Lithium Iron Battery၊ Jinko Solar၊ Huawei Inverter နှင့် T-VOLT အမှတ်တံဆိပ် Inverter စသည့် ဆိုလာစွမ်းအင်နှင့် ဘက်ထရီဆက်စပ်ပစ္စည်းများကို စုံလင်စွာ ခင်းကျင်းပြသထားပြီး Customer များအနေဖြင့် မိမိတို့၏ လိုအပ်ချက်နှင့် ကိုက်ညီသည့် ထုတ်ကုန်များကို တစ်နေရာတည်းတွင် လွယ်ကူစွာ လာရောက်ကြည့်ရှု၊ ရွေးချယ်ဝယ်ယူနိုင်ပါသည်။
ထို့အပြင် လူကြီးမင်းတို့၏ အိမ်သုံး၊ လုပ်ငန်းသုံးနှင့် အခြားလျှပ်စစ်စွမ်းအင်လိုအပ်ချက်များ အတွက် သင့်လျော်သည့် ဘက်ထရီနှင့် ဆိုလာစွမ်းအင်ဆိုင်ရာ ဖြေရှင်းချက်များကို One-Stop Service ဖြင့် အဆင်ပြေစွာ ပံ့ပိုးပေးနိုင်ရန် Proven Distribution Co., Ltd. မှ အသင့်ရှိနေပြီဖြစ်ပါသည်။
ဘက်ထရီမှ ဆိုလာစွမ်းအင်စနစ်အထိ လူကြီးမင်းတို့၏ လျှပ်စစ်စွမ်းအင်လိုအပ်ချက်များအတွက် တစ်နေရာတည်းတွင် ပြည့်စုံစွာ ဝန်ဆောင်မှုပေးနိုင်မည့် Proven Distribution Co., Ltd. ၏ ရွှေပြည်သာ Showroom မှ ကြိုဆိုလျက်ရှိပါသည်။

## မြစ်ကြီးနားရုံးခွဲဖွင့်လှစ်ခြင်းကိစ္စ




Proven Distribution Co., Ltd. ၏ မြစ်ကြီးနားရုံးခွဲကို ယခင်အမှတ် (၅၆)၊ နိုင်ငံ့ဂုဏ်ရည်လမ်း၊ ရှမ်းစု (မြောက်) ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ် တွင် ဖွင့်လှစ်၍ လုပ်ငန်းများဆောင်ရွက်ခဲ့ရာမှ Customer များအား ပိုမိုအဆင်ပြေကောင်းမွန်သော ဝန်ဆောင်မှုများ ပေးအပ်နိုင်ရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်နေ့တွင် အမှတ် (၁၆-က/၂-ခ)၊ ပြည်ထောင်စု လမ်းမကြီး၊ မိုင်နဲကျေးမြေမြင့်ရပ်ကွက် ၊ မြစ်ကြီးနားမြို့ သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါသည်။

## ပြည်ရုံးခွဲ အဆောက်အဦတည်ဆောက်ရန် ပန္နက်ရိုက်မင်္ဂလာပြုလုပ်ခြင်း





Proven Distribution Co., Ltd. ၏ ပြည်ရုံးခွဲသစ်အဆောက်အဦ ဆောက်လုပ်ရန်အတွက် ပန္နက်ရိုက်မင်္ဂလာ အခမ်းအနားကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ ကုမ္ပဏီမှတာဝန်ရှိသူများနှင့် ဝန်ထမ်းများ ပါဝင်ခဲ့ကြပါသည်။

# PROVEN GROUP OF COMPANIES LTD. ၏ ၃/၂၀၂၆ ဒါရိုက်တာအဖွဲ့အစည်းအဝေး ကျင်းပခြင်း






Proven Group of Companies Ltd. သည် (၃)လပတ်တစ်ကြိမ် ဒါရိုက်တာအဖွဲ့အစည်းအဝေးအား ကျင်းပလျက်ရှိရာတွင် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၈)ရက်နေ့တွင် ၃/၂၀၂၆ ဒါရိုက်တာအဖွဲ့အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးသည် နှစ်ပတ်လည်စုံညီအစည်းအဝေးမတိုင်မီ ကျင်းပပြုလုပ်သည့် အစည်းအဝေးဖြစ်သည့်အတွက် ဒါရိုက်တာအဖွဲ့ရွေးချယ်ခြင်းများ၊ ကော်မတီရွေးချယ်ခြင်း၊ အမြတ်ဝေစုခွဲဝေခြင်း အစရှိသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

# PROVEN DISTRIBUTION CO., LTD. မှ ဝန်ထမ်းများ PRODUCT KNOWLEDGE TRAINING အတွက် PTIC နှင့် PPW စက်ရုံများသို့ သွားရောက်လေ့လာခြင်း








Proven Distribution Co., Ltd. အနေဖြင့် ဝန်ထမ်းများ၏ Product Knowledge ပိုမိုတိုးတက်စေရန်နှင့် မိမိတို့ ဖြန့်ဖြူးရောင်းချလျက်ရှိသော ထုတ်ကုန်များ၏ ထုတ်လုပ်မှုလုပ်ငန်းစဉ်၊ အရည်အသွေးထိန်းချုပ်မှုနှင့် ထုတ်ကုန်ဆိုင်ရာ နည်းပညာဗဟုသုတများကို လက်တွေ့ကျကျ သိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ Proven Technology Industry Co., Ltd. (PTIC) နှင့် Proven Polyworld Co., Ltd. (PPW) စက်ရုံများသို့ သွားရောက်လေ့လာခဲ့ကြပါသည်။

လေ့လာရေးခရီးစဉ်အတွင်း သက်ဆိုင်ရာ တာဝန်ရှိသူများမှ ထုတ်ကုန်များ၏ ကုန်ကြမ်းအသုံးပြုမှုမှစ၍ Production Process၊ Quality Control၊ Product Features နှင့် အသုံးပြုပုံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းမျှဝေပေးခဲ့ပြီး ဝန်ထမ်းများအနေဖြင့် စက်ရုံအတွင်း ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို ကိုယ်တိုင်လေ့လာကြည့်ရှုကာ သိရှိလိုသည့်အချက်များကိုလည်း အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြပါသည်။

ယခုကဲ့သို့ Product Knowledge Training နှင့် Factory Visit များ ဆောင်ရွက်ခြင်းဖြင့် ဝန်ထမ်းများ၏ ထုတ်ကုန်အပေါ် နားလည်သိရှိမှု ပိုမိုအားကောင်းလာစေပြီး ဖောက်သည်များအား ပိုမိုတိကျပြည့်စုံသော Product Information နှင့် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ပေးအပ်နိုင်ရန် အထောက်အကူပြုမည်ဖြစ်ပါသည်။







# 2026 ADVANCED SERVICE TRAINING ကျင်းပပြုလုပ်ခြင်း















2026 Advanced Service Training ကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက်မှ (၂၉) ရက်နေ့အထိ နှစ်ရက်တာ Proven Technology Industry Co., Ltd. (PTIC) – Plant II တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။
အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံတစ်ဝန်းရှိ ကိုယ်စားလှယ်ဆိုင်များမှ သင်တန်းသား/သူ (၄၇) ဦး၊ Branches များမှ (၈) ဦးနှင့် Head Office Sales & Marketing မှ (၈) ဦး၊ စုစုပေါင်း (၆၃) ဦး တက်ရောက်ခဲ့ကြပါသည်။
သင်တန်းနည်းပြများနှင့် သင်တန်းအစီအစဉ်အတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးသည့် ဝန်ထမ်းများအပါအဝင် စုစုပေါင်း (၈၉) ဦး ပါဝင်၍ 2026 Advanced Service Training ကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။















# နည်းပညာတက္ကသိုလ် (မော်ဘီ) မှ ကျောင်းသား/သူများ PTIC သို့ လုပ်ငန်းခွင် လေ့လာရေးခရီးစဉ် လာရောက်ခြင်း












၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၂) ရက်နေ့တွင် နည်းပညာတက္ကသိုလ် (မော်ဘီ)၊ စက်မှုအီလက်ထရွန်နစ်အင်ဂျင်နီယာဌာနမှ ကျောင်းသား/သူများသည် Proven Technology Industry Co., Ltd. (PTIC) သို့ တစ်ရက်တာ လုပ်ငန်းခွင်လေ့လာရေး ခရီးစဉ် (Industrial Visit) အဖြစ် လာရောက်လေ့လာခဲ့ကြပါသည်။
အဆိုပါ လေ့လာရေးခရီးစဉ်တွင် ကျောင်းသား/သူများအနေဖြင့် စက်ရုံ၏ ထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ စက်ပစ္စည်းနှင့် နည်းပညာအသုံးချမှုများ၊ လုပ်ငန်းခွင် စီမံခန့်ခွဲမှုနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လုပ်ငန်းစဉ်များ ကို လက်တွေ့ လေ့လာခွင့်ရရှိခဲ့ကြပါသည်။
ယခုကဲ့သို့ လုပ်ငန်းခွင်လေ့လာရေးအစီအစဉ်သည် ကျောင်းသား/သူများ၏ သင်ကြားသင်ယူထားသော သီအိုရီပိုင်းဆိုင်ရာ အသိပညာများကို လက်တွေ့စက်မှု လုပ်ငန်းခွင်နှင့် ချိတ်ဆက်လေ့လာနိုင်စေရန်နှင့် အနာဂတ်လုပ်ငန်းခွင်အတွက် အတွေ့အကြုံနှင့် အသိပညာများ တိုးပွားစေရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

# PTIC နှင့် PPW MANAGEMENT LEVEL ဝန်ထမ်းများအတွက် CODE OF CONDUCT AWARENESS TRAINING ပြုလုပ်ခြင်း





Proven Group of Companies Ltd. သည် ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုစနစ် (Corporate Governance) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်အတွင်း ကျင့်ဝတ်စည်းကမ်းများကို နားလည်သိရှိကာ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှုနှင့် မှန်ကန်သော လုပ်ငန်းကျင့်ဝတ်များဖြင့် တာဝန်ထမ်းဆောင်နိုင်စေရန် ရည်ရွယ်၍ Code of Conduct Awareness Training ကို ဆောင်ရွက်လျက်ရှိပါသည်။
အဆိုပါအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ တွင် Proven Technology Industry Co., Ltd. (PTIC) နှင့် Proven Polyworld Co., Ltd. (PPW) တို့မှ Management Level ဝန်ထမ်းများအတွက် Code of Conduct Awareness Training ကို ပြုလုပ်ခဲ့ပါသည်။
သင်တန်းသို့ PTIC မှ အမျိုးသား (၁၄) ဦးနှင့် အမျိုးသမီး (၃) ဦး၊ စုစုပေါင်း (၁၇) ဦး နှင့် PPW မှ အမျိုးသား (၂) ဦးနှင့် အမျိုးသမီး (၃) ဦး၊ စုစုပေါင်း (၅) ဦး တက်ရောက်ခဲ့ကြပြီး စုစုပေါင်း သင်တန်းသား/သူ (၂၂) ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။
သင်တန်းတွင် ကုမ္ပဏီ၏ Code of Conduct ဆိုင်ရာ အခြေခံမူများ၊ လုပ်ငန်းခွင်အတွင်း လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများ၊ တာဝန်ယူမှုရှိသော ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ အကျိုးစီးပွားပဋိပက္ခများကို ရှောင်ရှားခြင်းနှင့် ကောင်းမွန်သော Corporate Governance အလေ့အကျင့်များကို ဝန်ထမ်းများ ပိုမိုနားလည်သဘောပေါက်စေရန် အသိပညာမျှဝေ ဆွေးနွေးခဲ့ကြပါသည်။
Proven Group အနေဖြင့် လုပ်ငန်းစုအတွင်း ကျင့်ဝတ်နှင့်ညီညွတ်သော လုပ်ငန်းယဉ်ကျေးမှု (Ethical Corporate Culture) ပိုမိုခိုင်မာလာစေရန်နှင့် ဝန်ထမ်းများ၏ Code of Conduct ဆိုင်ရာ အသိပညာများ တိုးတက်လာစေရန် သက်ဆိုင်ရာ ညီနောင်ကုမ္ပဏီများတွင်လည်း အသိပညာပေးသင်တန်း များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## YANGON METAL INDUSTRY CO., LTD. တွင် SALES & MARKETING TRAINING ပြုလုပ်ခြင်း







၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၆) ရက်နေ့ တွင် Yangon Metal Industry Co., Ltd. (YMI) ၌ ဝန်ထမ်းများ၏ အရောင်းနှင့် ဈေးကွက်ရှာဖွေရေးဆိုင်ရာ အသိပညာနှင့် လုပ်ငန်းစွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာစေရန် ရည်ရွယ်၍ Sales & Marketing Training ကို ပြုလုပ်ခဲ့ပါသည်။

သင်တန်းတွင် အရောင်းနှင့် ဈေးကွက်ရှာဖွေရေးဆိုင်ရာ အခြေခံသဘောတရားများ၊ ဖောက်သည်များ၏ လိုအပ်ချက်ကို နားလည်သိရှိခြင်း၊ ထိရောက်သော ဆက်သွယ်ပြောဆိုမှုနှင့် ဖောက်သည်ဆက်ဆံရေး တည်ဆောက်ခြင်း၊ ဈေးကွက်အခြေအနေများကို လေ့လာသုံးသပ်ခြင်းနှင့် အရောင်းစွမ်းဆောင်ရည် မြှင့်တင်နိုင်မည့် နည်းလမ်းများကို မျှဝေဆွေးနွေးခဲ့ကြပါသည်။

ယခုကဲ့သို့ သင်တန်းများ ပြုလုပ်ခြင်းမှတစ်ဆင့် ဝန်ထမ်းများ၏ Sales & Marketing Skills များ ပိုမိုတိုးတက်လာစေရန်နှင့် ရရှိလာသော အသိပညာများကို လက်တွေ့လုပ်ငန်းခွင်တွင် ထိရောက်စွာ အသုံးချနိုင်စေရန် ရည်ရွယ်ပါသည်။

## PTIC တွင် SSB AWARENESS TRAINING ပြုလုပ်ခြင်း





၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၂၂) ရက်နေ့ တွင် Proven Technology Industry Co., Ltd. (PTIC) ၌ ဝန်ထမ်းများအနေဖြင့် လူမှုဖူလုံရေးဆိုင်ရာ အခွင့်အရေးများ၊ ခံစားခွင့်များနှင့် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပိုမိုနားလည်သိရှိစေရန် ရည်ရွယ်၍ SSB Awareness Training ကို ပြုလုပ်ခဲ့ပါသည်။

သင်တန်းတွင် Social Security Board (SSB) နှင့် သက်ဆိုင်သည့် အခြေခံသိရှိသင့်သည့် အချက်အလက်များ၊ ဝန်ထမ်းများ၏ လူမှုဖူလုံရေးဆိုင်ရာ အခွင့်အရေးနှင့် ခံစားခွင့်များ၊ သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် လက်တွေ့ဆောင်ရွက်ရာတွင် သိရှိလိုက်နာသင့်သည့် အချက်များကို အသိပညာမျှဝေ ဆွေးနွေးခဲ့ကြပါသည်။

ယခုကဲ့သို့ SSB Awareness Training ပြုလုပ်ခြင်းဖြင့် ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လူမှုဖူလုံရေးဆိုင်ရာ အခွင့်အရေးနှင့် ခံစားခွင့်များကို မှန်ကန်စွာ သိရှိနားလည်ပြီး လိုအပ်သည့်အခါ ထိရောက်စွာ အသုံးချနိုင်စေရန် ရည်ရွယ်ပါသည်။

## အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) ဆိုင်ရာ ကိစ္စရပ်များ တွေ့ဆုံဆွေးနွေးခြင်း



၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၉) ရက်နေ့ တွင် Proven Technology Industry Co., Ltd. (PTIC) ၌ အလုပ်သမားဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိများနှင့် PTIC မှ တာဝန်ရှိသူများ တွေ့ဆုံ၍ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC – Workplace Coordinating Committee) နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် WCC ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ၊ လုပ်ငန်းဆောင်ရွက်မှုများ၊ အလုပ်ရှင်နှင့် အလုပ်သမားများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေရေး နှင့် လုပ်ငန်းခွင်ဆက်ဆံရေး ပိုမိုခိုင်မာစေရေးတို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းမှတစ်ဆင့် လုပ်ငန်းခွင်အတွင်း အလုပ်ရှင်နှင့် အလုပ်သမားများအကြား ကောင်းမွန်သော ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ထိရောက်သော ညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာစေရန် ရည်ရွယ်ပါသည်။

# YRYEA CAREER OPPORTUNITY FAIR 2026 တွင် PROVEN GROUP နှင့် ညီနောင်ကုမ္ပဏီများ ပါဝင်ခဲ့ခြင်း







၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၄) ရက်နေ့တွင် Yangon Region Young Entrepreneurs Association (YRYEA) မှ ကျင်းပပြုလုပ်သည့် YRYEA Career Opportunity Fair 2026 သို့ Proven Group of Companies Ltd. နှင့် ညီနောင်ကုမ္ပဏီများ ပါဝင်ခဲ့ပါသည်။

အဆိုပါ Career Opportunity Fair တွင် Proven Group နှင့် ညီနောင်ကုမ္ပဏီများ၏ လုပ်ငန်းကဏ္ဍများ၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် လုပ်ငန်းခွင်ဆိုင်ရာ အချက်အလက်များကို မိတ်ဆက်မျှဝေပေးခဲ့ပြီး အလုပ်အကိုင်ရှာဖွေနေသည့် လူငယ်များ၊ ဘွဲ့ရလူငယ်များနှင့် တိုက်ရိုက်တွေ့ဆုံ၍ ၎င်းတို့စိတ်ဝင်စားသည့် အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကျောင်းလမ်းကြောင်းများအတွက် လိုအပ်သည့် အချက်အလက်များကို မျှဝေပေးခဲ့ပါသည်။

ယခုကဲ့သို့ Career Opportunity Fair တွင် ပါဝင်ခြင်းမှတစ်ဆင့် လူငယ်များအနေဖြင့် မိမိတို့၏ ပညာအရည်အချင်း၊ ကျွမ်းကျင်မှုနှင့် စိတ်ဝင်စားမှုတို့နှင့် ကိုက်ညီသည့် အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုသိရှိနိုင်ခဲ့သကဲ့သို့ Proven Group အနေဖြင့်လည်း အလားအလာရှိသည့် လူငယ်များနှင့် ချိတ်ဆက်နိုင်သည့် အခွင့်အလမ်းကောင်းတစ်ရပ် ရရှိခဲ့ပါသည်။

Proven Group of Companies Ltd. အနေဖြင့် လူငယ်များအတွက် အလုပ် အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးကူညီခြင်းနှင့် အရည်အချင်းရှိသော လူငယ်များ လုပ်ငန်းခွင်သို့ ဝင်ရောက်နိုင်ရေးတို့ကို အလေးထားလျက်ရှိပြီး၊ အနာဂတ်တွင်လည်း လူငယ်များ၏ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်သည့် အစီအစဉ်များနှင့် လှုပ်ရှားမှုများတွင် ဆက်လက်ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။















# PTIC ၏ ဝန်ထမ်းထုအစည်းအဝေး (DURBAR) ကျင်းပခြင်း



Proven Technology Industry Co., Ltd. (PTIC) ၏ ဝန်ထမ်းထုအစည်းအဝေး (Durbar) ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်နေ့တွင် PTIC Plant II ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ဝန်ထမ်းများသိရှိရန် လိုအပ်သည့် အကြောင်းအရာများကို မျှဝေဆွေးနွေးခဲ့ကြပြီး၊ ISO Standard သတ်မှတ်ချက်များနှင့်အညီ ဌာနအသီးသီးမှ သတ်မှတ်ထားသော Objectives များ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ရည်မှန်းချက်ပြည့်မီမှု အခြေအနေများကို Presentation များဖြင့် တင်ပြဆွေးနွေးခဲ့ကြပါသည်။

ထို့အပြင် ဝန်ထမ်းများအကြား ချစ်ခင်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှု ပိုမိုတိုးတက်စေရန် ရည်ရွယ်၍ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မွေးနေ့ကျရောက်သော ဝန်ထမ်းများအတွက် စုပေါင်းမွေးနေ့ပွဲကိုလည်း ပျော်ရွှင်စွာ ကျင်းပပေးခဲ့ပါသည်။

ယခုကဲ့သို့ ဝန်ထမ်းထုအစည်းအဝေးများ ကျင်းပခြင်းဖြင့် Management နှင့် ဝန်ထမ်းများအကြား ထိရောက်သော ဆက်သွယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်နားလည်မှုများ ပိုမိုအားကောင်းလာစေရန် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

## ဝါဆိုသင်္ကန်းကပ်လှူပူဇော်ခြင်း



၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၅) ရက်နေ့တွင် Proven Group Office ၌ Proven Group of Companies Ltd. (PG) နှင့် Proven Distribution Co., Ltd. (PD) တို့ ပူးပေါင်း၍ မြန်မာ့ရိုးရာ ဗုဒ္ဓဘာသာယဉ်ကျေးမှု အစဉ်အလာကောင်းများကို ထိန်းသိမ်းမြှင့်တင်ရန်နှင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်နိုင်ရန် ရည်ရွယ်၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် သံဃာတော်အရှင်သူမြတ်များအား ပင့်ဖိတ်၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ရိုသေစွာ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး တရားတော်များ နာယူကာ ကုသိုလ်ကောင်းမှုအစုစုတို့ကို အတူတကွ ပြုလုပ်ခဲ့ကြပါသည်။ယခုကဲ့သို့ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အစဉ်အလာကောင်းများကို စုပေါင်းဆောင်ရွက်ခြင်းဖြင့် PG နှင့် PD မိသားစုဝင်များအကြား စည်းလုံးညီညွတ်မှု၊ ချစ်ခင်ရင်းနှီးမှုနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာလာစေရန် ရည်ရွယ်ပါသည်။

## ROAD SAFETY CAMPAIGN 2026




လမ်းအသုံးပြုသူများအကြား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာများ ပိုမိုတိုးပွားလာစေရန် ရည်ရွယ်ကျင်းပသည့် Road Safety Campaign 2026 တွင် Proven Group of Companies Ltd. (PG) မှ အသိပညာပေး Pamphlet များအတွက် Sponsor အဖြစ် ပါဝင်ပံ့ပိုးပေးခဲ့ပါသည်။

အဆိုပါ Campaign မှတစ်ဆင့် ယာဉ်မောင်းသူများနှင့် လမ်းအသုံးပြုသူများအနေဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးကို အလေးထားလိုက်နာပြီး ယာဉ်မတော်တဆမှုများ လျော့နည်းစေရန်နှင့် ဘေးကင်းလုံခြုံသော လမ်းပန်းဆက်သွယ်ရေးပတ်ဝန်းကျင်တစ်ရပ် ဖြစ်ပေါ်လာစေရန် အသိပညာပေးနိုင်မည်ဟု ရည်ရွယ်၍ ယခုကဲ့သို့ ပံ့ပိုးကူညီခဲ့ခြင်း ဖြစ်ပါသည်။

## လေးမျက်နှာမြို့ ရေဘေးသင့်ပြည်သူများအတွက် YACSAA သို့ PG မှ အလှူငွေထောက်ပံ့လှူဒါန်းခြင်း







လေးမျက်နှာမြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် ရေဘေးကယ်ဆယ်ရေးအလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းနိုင်ရန် ရည်ရွယ်၍ Proven Group of Companies Ltd. (PG) မှ ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်အပိုပစ္စည်းလုပ်ငန်းရှင်များအသင်း (Yangon Automotive Components, Spare Parts & Accessories Association – YACSAA) သို့ အလှူငွေကျပ်သိန်း (၂၀) ကို ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

အဆိုပါအလှူငွေဖြင့် လေးမျက်နှာမြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် ကယ်ဆယ်ရေးအလှူပစ္စည်းများကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်ပြီး၊ Proven Group အနေဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် အခက်အခဲများ ကြုံတွေ့နေရသော ပြည်သူများအား တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးနိုင်ရန် လူမှုအကျိုးပြုလုပ်ငန်းများတွင် အစဉ်တစိုက် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ရေဘေးသင့်ပြည်သူများထံ အလှူပစ္စည်းများ အဆင်ပြေချောမွေ့စွာ ရောက်ရှိနိုင်ရေးအတွက် မေတ္တာဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော Proven Polyworld Co., Ltd. မှ ညီအစ်ကိုမောင်နှမများ၊ လေးမျက်နှာမြို့သို့ အလှူပစ္စည်းများ ပို့ဆောင်ရာတွင် ပူးပေါင်းကူညီပေးခဲ့ကြသော Proven Distribution Co., Ltd. မှ ညီအစ်ကိုမောင်နှမများနှင့် ကိုယ်တိုင်ကိုယ်ကျ ပါဝင်၍ လိုက်လံကူညီပေးခဲ့ကြသူများအားလုံးကို Proven Group ကိုယ်စား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ယခုကဲ့သို့ အဖွဲ့အစည်းအချင်းချင်း စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းပူးပေါင်းကူညီမှုများမှတစ်ဆင့် လိုအပ်နေသော လူမှုအသိုက်အဝန်းများအတွက် အကျိုးရှိသော အထောက်အပံ့များ ဆက်လက်ပေးအပ်နိုင်ရန် Proven Group နှင့် ညီနောင်ကုမ္ပဏီများမှ လူမှုအကျိုးပြုလုပ်ငန်းများတွင် ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## PD နှင့် PI ဝန်ထမ်းများအတွက် DEFENSIVE DRIVING TRAINING ပြုလုပ်ခြင်း











၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၂) ရက်နေ့တွင် Proven Distribution Co., Ltd. (PD) နှင့် Proven International Co., Ltd. (PI) တို့မှ သက်ဆိုင်ရာ ဝန်ထမ်းများအတွက် Defensive Driving Training (ဘေးကင်းလုံခြုံစွာ မောင်းနှင်ခြင်းဆိုင်ရာ သင်တန်း) ကို ပြုလုပ်ပေးခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ယာဉ်မောင်းနှင်ရာ၌ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို ကြိုတင်သတိပြုကာ ကာကွယ်နိုင်ခြင်း၊ ယာဉ်စည်းကမ်းနှင့် လမ်းစည်းကမ်းများကို စနစ်တကျလိုက်နာခြင်း၊ ဘေးကင်းလုံခြုံစွာ မောင်းနှင်ခြင်းနှင့် ယာဉ်မတော်တဆမှုများ လျော့နည်းစေရန် လိုက်နာသင့်သည့် Defensive Driving နည်းလမ်းများ ကို အသိပညာပေးမှုဝေခဲ့ပါသည်။

ယခုသင်တန်းမှတစ်ဆင့် ဝန်ထမ်းများ၏ Road Safety Awareness ပိုမိုတိုးတက်လာစေရန်နှင့် လုပ်ငန်းတာဝန်များအတွက် ယာဉ်အသုံးပြုမောင်းနှင်ရာတွင် ဘေးကင်းလုံခြုံသော မောင်းနှင်မှုအလေ့အကျင့်များ ပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။

# ရှေ့ပြည်သာနှင့် အင်းစိန်မြို့နယ်များရှိ လူမှုကယ်ဆယ်ရေး ပရဟိတအသင်း (၆)သင်းအား လှူဒါန်းခြင်း
























Proven Group of Companies Limited နှင့် ညီနောင်ကုမ္ပဏီများဖြစ်ကြသည့် Proven Distribution Co., Ltd. နှင့် Proven International Co., Ltd. တို့ ပူးပေါင်း၍ လူမှုအကျိုးပြုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသော ပရဟိတအသင်းအဖွဲ့(၆)သင်းအား လုပ်ငန်း ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် လိုအပ်သည့်ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် (စနေနေ့) တွင် TOYO နှင့် Lion Battery များ ထုတ်လုပ်လျက်ရှိသည့် Proven Technology Industry Co., Ltd. ၏ Conference Room ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

လှူဒါန်းမှုလက်ခံရရှိသည့် အသင်းများမှာ ရွှေပြည်သာမြို့နယ်ရှိရွှေမေတ္တာလူမှုကယ်ဆယ်ရေးအသင်း၊ဗြဟ္မာစရိယလူမှုကူညီရေးအသင်း၊ အာယုသုခလူမှုကူညီရေးအသင်း၊ပါရမီရှင် လူမှုကူညီရေးအသင်း၊ ဝေနေယျသုခ လူမှုအကျိုးပြုအသင်းနှင့် အင်းစိန်မြို့နယ်ရှိ စိန်ရတနာ လူမှုကယ်ဆယ်ရေးအသင်း တို့ဖြစ်ကြပါသည်။

အဆိုပါအသင်းများ၏ လူမှုကယ်ဆယ်ရေးနှင့် လူမှုအကျိုးပြုလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော မော်တော်ယာဉ်များအတွက် လိုအပ်သည့် TOYO Battery များနှင့် စက်ဆီ၊ ချောဆီများ စုစုပေါင်းတန်ဖိုး ငွေကျပ် (၆၅)သိန်း နှင့် ညီမျှသောပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။

Proven Group of Companies Limited အနေဖြင့် လူမှုအသိုက် အဝန်းအတွက် အမှန်တကယ်လိုအပ်သည့်နေရာများတွင် အထောက် အကူဖြစ်စေမည့် လူမှုအကျိုးပြုလုပ်ငန်းများကို ညီနောင်ကုမ္ပဏီများနှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။








# အခြေခံပညာအထက်တန်းကျောင်း (မြောင်းတကာ) သို့ ကျောင်းမုန့်ဈေးတန်း အဆောက်အဦ လှူဒါန်းခြင်း










Yangon Metal Industry Co., Ltd. သည် လူမှုအကျိုးပြုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ပိုမိုကောင်းမွန်သော ကျောင်းပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးနိုင်ရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၈) ရက်နေ့ တွင် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (မြောင်းတကာ) သို့ အလျား (၄၀) ပေ × အနံ (၁၄) ပေ အရွယ်အစားရှိ ကျောင်းမုန့်ဈေးတန်း အဆောက်အဦ ကို လှူဒါန်းပေးအပ်ခဲ့ပါသည်။

အဆိုပါ ကျောင်းမုန့်ဈေးတန်း အဆောက်အဦသည် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းချိန်အတွင်း အစားအသောက်များကို သန့်ရှင်းသပ်ရပ်၍ စနစ်တကျ ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပိုမိုအဆင်ပြေသော ကျောင်းပတ်ဝန်းကျင်တစ်ရပ် ဖြစ်ပေါ်လာစေရန် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

Yangon Metal Industry Co., Ltd. အနေဖြင့် လူမှုအသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာရေးကဏ္ဍကို အထောက်အကူပြုနိုင်မည့် လူမှုအကျိုးပြုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

# မြောင်းတကာစက်မှုဇုန် မီးသတ်စခန်းသို့ ကာကွယ်ထောက်ပံ့ရေးသုံးပစ္စည်းများ လှူဒါန်းခြင်း





Yangon Metal Industry Co., Ltd. သည် လူမှုအသိုက်အဝန်း ဘေးကင်းလုံခြုံရေးနှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ တွင် မြောင်းတကာစက်မှုဇုန် မီးသတ်စခန်း သို့ လိုအပ်သည့် ကာကွယ်ထောက်ပံ့ရေးသုံးပစ္စည်းများ ကို လှူဒါန်းပေးအပ်ခဲ့ပါသည်။

အဆိုပါလှူဒါန်းမှုသည် မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေးနှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များအတွက် လိုအပ်သော အထောက်အကူများ ရရှိစေရန်နှင့် မြောင်းတကာစက်မှုဇုန်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးကို ပိုမိုအားကောင်းစေရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

Yangon Metal Industry Co., Ltd. အနေဖြင့် ဒေသခံလူမှုအသိုက်အဝန်း၏ ဘေးကင်းလုံခြုံရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည့် လူမှုအကျိုးပြုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

# မြောက်ဥက္ကလာမြို့နယ်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ကျောင်းသား/ကျောင်းသူများအတွက် လိုအပ်သည့်ပစ္စည်းများ လှူဒါန်းခြင်း





Proven International Co., Ltd. သည် လူမှုအကျိုးပြုလုပ်ငန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်း ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ သွားရောက်၍ ယင်းကျောင်းတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား/ကျောင်းသူများအတွက် လိုအပ်သည့် ပညာရေးနှင့် နေ့စဉ်အသုံးအဆောင်ပစ္စည်းများကို လှူဒါန်းပေးအပ်ခဲ့ပါသည်။

လှူဒါန်းပေးအပ်ခဲ့သည့် ပစ္စည်းများမှာ ထီး (၁၀၀) ချောင်း၊ စာအုပ် (၁၀၀) ဒါဇင်၊ ဘောပင် (၃၀၀) ချောင်းနှင့် T-Shirt အထည် (၁၀၀) တို့ဖြစ်ပါသည်။

အဆိုပါလှူဒါန်းမှုသည် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ပညာသင်ယူလျက်ရှိသည့် ကျောင်းသား/ကျောင်းသူများ၏ ပညာရေးနှင့် နေ့စဉ်ဘဝလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

## Vision

- ဆန်းသစ်တီထွင်မှုအား အခြေခံ၍ အစဉ်တိုးတက်သော လူနေမှုဘဝများဖန်တီးပေးနိုင်ရန် ယှဉ်ပြိုင်မှုစွမ်းရည်မြင့်မားသော စက်မှုလက်မှုလုပ်ငန်းများလုပ်ကိုင်သည့် ဦးဆောင်လုပ်ငန်းစု တစ်ခုဖြစ်လာရန်။
- To be a leading diversified industrial group, creating sustainable value by building industries, advancing innovation, and improving lives

## Mission

- မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုနှင့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုတို့မှ တစ်ဆင့် ရေရှည်တန်ဖိုးများ ဖန်တီးပေးနိုင်သည့် ရေရှည်တည်တံ့သော စီးပွားရေးလုပ်ငန်းများကို တည်ဆောက်ဖော်ဆောင်ရန်။
- To build sustainable businesses that create long-term value through innovation, operational excellence, strategic partnerships, and responsible investments.

# Thank You




Visit Our Website

@PROVENGROUP

Find Us On Telegram




**No. F/S-14, Bayintnaung Road, Shwe Sabei Yeikmon, Kamayut Township, Yangon, Myanmar.**
**(Post Code -11041)**
**Office No. (+95-1) 7 531 030 / 7 531 041 / 7 527 667**

(+95)9 880876920
www.proven.com.mm
info@proven.com.mm